ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

(Village Development Project)

နောင်ဖော့ကျေးရွာအုပ်စု၊ ပန်ခန့်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်ခန့်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ပန်ခန့်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ပန်ခန့်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ပန်ခန့်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်ခန့်ကျေးရွာ
လားရှိုးမြို့နယ်


ပန်ခန့်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



ပန်ခန့်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ပန်ခန့်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လား:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်တို့ ပန်ခန့်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် တွင် တည်ရှိပါသည်။ လားရှိုးမြို့၏အရှေ့တောင်ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၁၅)မိုင် ခန့် ကွာဝေးပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများ၊ မြောက်ဘက်နှင့် အနောက်ဘက်တွင် တောင်တန်းတောင်ကုန်းများ ရှိပါသည်။ ၄င်းတောင်များပေါ်၌ သစ်ပင်အနည်းငယ်နှင့် ဝါးပင်အနည်းသာ ပေါက်ရောက်ပြီး စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း မရှိပါ။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ ပန်ခန့်ကျေးရွာ၏ ရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သော ရာသီဥတု ဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧကမှာ လယ်မြေ(၁၇)ဧကနှင့်တောင်ယာမြေ(၁၈၅) ဧက၊ စုစု ပေါင်း (၂၀၂) ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင် ကောင်းမွန်ပါ သည်။ အိမ်ခြံမြေ များတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုး ကြပါသည်။ **ကျွန်တော်တို့ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များဖြစ်သော မြင်းခွာရွက်၊ ရှားစောင်း လက်ပတ်၊ တမာပင်တို့ ရှိပါသည်။** သဘာဝတောတွင်းတိရိစ္ဆာန်များ မရှိပါ။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ပန်ခန့်ကျေးရွာတွင် အိမ်ထောင်စု(၇၄)အိမ်ရှိပြီး၊ ရှမ်းလူမျိုးများ အများဆုံး နေထိုင် ကြပါသည်။ လူဦးရေစုစုပေါင်း (၃၄၈)ဦးဖြစ်ပြီး ပျမ်းမျှ တစ်အိမ် ထောင်လျှင် (၅-၆)ဦး ရှိပါသည်။ ကျွန်တော်တို့ပန်ခန့်ကျေးရွာတွင် နို့စို့အရွယ် ကျား (၆)ဦး၊ မ(၈)ဦး၊ ၅နှစ် အောက်ကလေးငယ်မှာ ကျား(၂၀)၊ မ(၃၁)ဦး၊ မူလတန်းကျောင်းသား အရွယ် (၁၀)နှစ်အောက် ကျား(၁၃)ဦး၊ မ(၁၂)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၁၀နှစ်မှ ၁၄နှစ်)အထိ ကျား(၁၂)ဦး၊ မ(၁၄) ဦး၊ အလုပ်လုပ် နိုင်သည့်အရွယ်မှာ ကျား(၁၂၀)ဦး၊ မ(၁၀၇)ဦး၊ (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီး ကျား(၁)ဦး၊ မ(၄)ဦးတို့ဖြစ်သည်။ နို့စို့အရွယ်ကလေးများအား ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးလျှက်ရှိပါသည်။

ကာကွယ်ဆေးများ မထိုးနှံကြသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ဖ-ဂနှစ်မှ စတင်တက်ရောက်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၇၈က) နှင့် တောင်ယာမြေ(၁၈၅၈က) ရှိပါသည်။ **အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ ဦးစားပေး လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းကြသည်။ အဓိကစိုက်ပျိုးရေးမှာ ပြောင်းနှင့်စပါး ဖြစ်ပါသည်။ ဝင်ငွေရရှိမှု မလုံလောက်ပါ။ အဘယ်ကြောင့်ဆိုသော် တရုတ်ပြည်မှ ကျွန်တော်တို့စိုက်ပျိုးထားသော ပြောင်းကို မဝယ်ယူပါက ဝင်ငွေကို ကောင်းစွာမရရှိပါ။ ဝင်ငွေလုံလောက်မှုမရရှိသည့်အတွက်ကြောင့် ပြောင်းပွဲရုံထဲတွင် ကြိုတင်အကြွေးယူပြီး စိုက်ပျိုးကြပါသည်။ ပြောင်းဈေးကောင်း ပြန်မရပါက ပွဲရုံထဲတွင် အကြွေးများဆက်တင်ကြရပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မြေလွတ်မြေလပ်များ မရှိပါ။ အဘယ်ကြောင့်ဆိုသော် ရွာတွင် ကိုယ်ပိုင်မြေများ သတ်မှတ်ထားရှိကြပြီး ဘိုးဘွားများ အမွေပေးခဲ့သော မြေအနည်း/ အများ ပိုင်ဆိုင်ကြပါသည်။ ရှိသလောက်ကိုသာ တန်ဖိုးထားပြီး မြေဩဇာနဲ့သာ ဝယ်သုံးပြီး ပြုစုကာ စိုက်ပျိုးလုပ်ကိုင် နေကြပါသည်။ ကျေးရွာလုံးကျွတ်အစည်းအဝေး များ ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။ အစည်းအဝေး ကျင်းပရခြင်းအကြောင်းမှာ စိုက်ပျိုးမည့် ပြောင်း၊ စပါးများနည်းလမ်းမှန်ကန်စွာစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းရန်အတွက် တစ်ဦးနှင့်တစ်ဦး ကြိုတင်ညှိနှိုင်းကြပါသည်။ လုပ်ငန်းများပိုမိုပြီး အဆင်ပြေလာနိုင်အောင် နည်းလမ်းများ ဝိုင်းဝန်းရွာဖွေကြပြီး တစ်လတစ်ကြိမ် ကျေးရွာလုံးကျွတ် အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်သည်။**အခြားမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ မရှိပါ။ ကျေးရွာတွင် တောင်ယာနေ့စား လုပ်အားခကို အနည်းဆုံး (၄၀၀၀) ကျပ်မှ အများဆုံး(၈၀၀၀)ကျပ် ထိရရှိပါသည်။ **ကျေးရွာမှ သတ်မှတ်ထားသော အလုပ်လုပ်ချိန်မှာ နံနက် (၈:၀၀)နာရီမှ နေ့လည် (၁၂:၀၀)ထိ နေ့လည် (၁:၀၀)မှ ညနေ (၅:၀၀)ထိကို တစ်ရက်တာသတ်မှတ်ပါသည်။**

ပန်ခန့်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၂၂.၉၇%)၊ အလယ်အလတ် ရှိသော အိမ်ထောင်စုမှာ (၂၇.၂၇%)၊ မပြေလည်သောအိမ်ထောင်စု (၂၀.၀၃%)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၉.၇၃%) ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၆) ဧကနှင့် အထက်ရှိခြင်း၊ တိုက်အိမ်များ၊ ကားများ၊ လယ်ယာသုံးပစ္စည်း ကိရိယာများဖြစ်သော လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၃)ဧကအထက်ရှိခြင်း၊ သွပ်မိုးထရံကာ အုတ်ခုံအိမ်များ၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှု (၁)ဧကအထက်ရှိခြင်း၊ သွပ်မိုးမြေစိုက်

ထရံကာအိမ်၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုသည် မြေယာ ပိုင်ဆိုင်မှုမရှိပါ။ သက်ကယ်မိုး ဝါးထရံကာအိမ်များဖြင့် နေထိုင်ကြပါသည်။

ကျွန်မတို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် မြေပိုင်ဆိုင်မှု(၅၄.၀၅%)သည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ် ရှိပါသည်။ မြေပိုင်ဆိုင်မှု (၃၉.၁၉%)ရှိသော တောင်သူငယ်များသည် လယ်ယာမြေလုံလောက်မှုရှိပြီး၊ မြေပိုင်ဆိုင်မှု(၆.၇၆%)ရှိသော တောင်သူလတ်များသည် လယ်မြေပိုင်ဆိုင်မှုကောများပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့သူများနှင့်တောင်သူကြီး များ မရှိပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ရွာနှင့် တောင်ယာသွားရာလမ်း အလှမ်းဝေးသောကြောင့် အချို့တောင်ယာများတွင် သီးနှံ မစိုက်ပျိုးနိုင်သဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ ရှိလာနိုင်ပါသည်။ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးလာပါသည်။ ကျန်းမာရေးအသိမရှိခြင်းကြောင့် ငှက်ဖျားရောဂါများဖြစ်ပွားမှုရှိပါသည်။

ကျွန်တော်တို့ ပန်ခန့်ကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ၍ သုံးစွဲနိုင်ခြင်း၊ ဆိုင်ကယ်များစည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်လာနိုင်၍ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန် ရှာဖွေစားသောက်ရသောကြောင့် ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ တစ်နေ့လုပ်တစ်နေ့စား အိမ်ထောင်စုများသည် ကျေးရွာတွင်းကြုံရာကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ နေပူမိုးရွာမရှောင်လုပ်ကိုင်ရခြင်း ကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ လုပ်အားခနည်းပါးခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ဆေးစွဲသူများသည် မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် အလုပ်မလုပ်နိုင်ရုံ သာမက လူမှုရေး၊ စီးပွားရေးကိစ္စများ၌ လှစ်ဟာမှုများ၍ ထိခိုက်လွယ်မှုမြင့်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသား/သမီး လူပျို/အပျိုခေါင်းဆောင်အဖွဲ့၊ ဂေါပကအဖွဲ့တို့ဖြစ်ပါသည်။ **အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများ လိုအပ်သော အကူအညီများကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။**

ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော KAI အဖွဲ့သည် ချေးငွေများ ကို ၆ လအတွင်း အတိုးနှုန်း ၁% မှ ၂% အထိ ချေးပေးပါသည်။ အတိုးကို ၆လတစ်ကြိမ် အချိန်နှင့် တပြေးညီ ထည့်သွင်းပေးဆောင်ရပါသည်။ ချေးငွေများကို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း များနှင့်စည်းကမ်းတကျ ချေးပေးပါသည်။ အရင်း/အတိုးကို ပုံမှန်ပေးဆောင်နိုင်ခြင်းမရှိပါက စည်းကမ်းနှင့် အညီ မိမိပိုင်ဆိုင်သော ပစ္စည်းများကို အစားထိုးပေးရပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ ပန်ခန့်ကျေးရွာတွင် ဆင်းရဲသားတောင်သူများမှာ မြေပိုင်ဆိုင်မှု(၁)ဧက သာရှိကြပြီး တောင်သူငယ်များမှာ (၂)ဧကရှိကြသည်။ တောင်သူလတ်များမှာ မြေပိုင်ဆိုင်မှု (၃.၅)ဧက ခန့် ရှိကြသည်။ တောင်သူကြီးများမှာ (၅ဧကမှ ၆ဧကအထိ) မြေယာပိုင်ဆိုင်မှု များရှိကြသည်။ ကျွန်တော်တို့ ကျေးရွာတွင် စိမ့်စမ်းရေကိုအားထားကာ စိုက်ပျိုးကြပြီး မိုးရာသီတွင် ရေပေါ များ ပါသည်။ ပန်ခန့်ကျေးရွာ တွင် ရေကိုလွယ်ကူစွာ ခတ်ယူနိုင်ပါသည်။ တစ်ချို့အိမ်များတွင် အဝီစိတွင်း ထပ်မံတူးဖော်ရန်လည်း အစီအစဉ် ရှိကြပါသည်။ ကျွန်တော်တို့ ကျေးရွာသည် ပြောင်းဖူးနှင့်ဆန်စပါး ကို အဓိကထား စိုက်ပျိုးကြပါသည်။ ပြောင်းဖူးအထွက်နှုန်းမှာ ၁ ဧကလျှင် အနည်းဆုံးပိသာ ၃၆၀ နှင့် အများဆုံး ပိသာ ၃၉၀ ထိ ထွက်ရှိပါသည်။ သီးနှံစျေးကွက်ပေါ်မူတည်၍ အမြတ်ရရှိကြပါသည်။ စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးကြပါသည်။ ဆန်စပါးအထွက်နှုန်းမှာ ၁ ဧကလျှင် အနည်းဆုံး ၃၀ မှ အများဆုံး အိတ် ၄၀ ထိ ထွက်ရှိပါသည်။ ပျမ်းမျှဆန်စပါး ၁ ဧက ကို အိတ်ပေါင်း ၇၀ သာရရှိပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ပြီး ရရှိသောငွေကို တစ်နှစ်နည်းနည်းစီ စုဆောင်းပြီး ငွေကြေးတတ်နိုင်လာပါက တစ်ဦးချင်း ကိုယ်ပိုင်လက်တွန်းထွန်စက်များက ဝယ်ယူ အသုံးပြုကြပါသည်။ ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများမှာ ကျွဲ ကို အသုံးပြုကြပါသည်။ တစ်ခါတစ်ရံ လိုအပ်လာပါက အခြားသော ထွန်စက်ကို ငှားရမ်းကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် သီးနှံမျိုးစေ့မျိုးကောင်းများကို ပွဲရုံတွင် လွယ်ကူစွာ ရရှိနိုင်ပါသည်။ အော်ဂဲနစ် မြေဩဇာ ဓာတုပိုးသတ်ဆေးများကို ကုမ္ပဏီတွင် အလွယ်တကူ ဝယ်ယူနိုင်သည်။ လုပ်သားများတွင် (ရွာတွင်) အလုပ်မရှိသော အိမ်ထောင်စုများကို ငှားရမ်းပြီး နေ့စားအလိုက် နှစ်အလိုက် ငှားရမ်း ကြသည်။ သီးနှံစျေးနှုန်းမှာ ဝယ်သူတောင်းသော စျေးပေးသလို ရောင်းချပေးပါသည်။ မြေဩဇာနှင့် အော်ဂဲနစ်ကို ကုမ္ပဏီထံတွင် ကြိုတင်၍ အကြွေးယူထားပြီး အသုံးပြုသောအိမ်ထောင်စုများလည်း

ရှိပါသည်။ ဖျက်ပိုးများ ကျရောက်ပါက ဓာတုပိုးသတ်ဆေးဝယ်ပြီး ဖြန်းပေးရသည်။ သီးနှံများကို ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် တစ်ခါတရံ၌ ကုမ္ပဏီမှ အမြတ်ကို အနည်းငယ်သာပေးသောအချိန်တွင် တောင်သူလယ်သမားမိသားစုများမှာ အဆင်မပြေနိုင်ကြပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ပန်ခန့်ကျေးရွာတွင်ကျွဲမွေးမြူထားသောအိမ်ထောင်စု(၁၃)စု ကောင်ရေ(၄၀)ကောင်၊ အိမ်ထောင်စု(၁)စု မှ ဝက်ကောင်ရေ(၁၀)ကောင်၊ အိမ်ထောင်စု(၄၂)စုမှ ကြက်ကောင်ရေ(၂၆၇)ကောင် တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ **အများအားဖြင့် ကျွဲ၊ ကြက်၊ ဝက်များကို မွေးလေ့ရှိကြ ပါသည်။ စီးပွားဖြစ် မွေးထားခြင်းမျိုး မဟုတ်ဘဲ ကျွဲကို လယ်ယာလုပ်ငန်းတွင် အသုံးပြုရန် အတွက် သာ မွေးမြူပြီး၊ ဝက်နှင့်ကြက်ကို အိမ်စားဖို့ရန်အတွက်သာ မွေးမြူကြပါသည်။ ကျွဲများကို တစ်ရွာလုံး မမွေးနိုင်ဘဲ ငွေကြေးတတ်နိုင်သည့် အိမ်ထောင်စုကသာ မွေးမြူထားပါသည်။ တစ်ရွာလုံးမွေးမြူနိုင် ခြင်းမှာ ငွေကြေးမတတ်နိုင်မှုများကြောင့် အိမ်တိုင်းမမွေးမြူနိုင်ပါ။ ဒေသအလိုက် မွေးမြူသော အိမ်မွေးကြက်ကလေး များသာရှိသည်။ ချမ်းအေးသော ဆောင်းရာသီတွင် ကြက်နာ၊ ဝက်နာများ ကျရောက်တတ်ပါသည်။ စိုက်ပျိုးရေးသာ အဓိကထား လုပ်ကိုင်ကြပြီး မွေးမြူရေးကို တပိုင်တနိုင်သာ လုပ်ကိုင်ကြသည်။ ထို့ကြောင့် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ်ပါသည်။**ကျွဲ၊ နွားများကို မွေးမြူရာတွင် သီးနှံများရိတ်သိမ်းပြီးချိန်မှသာ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူရပါသည်။ သီးသန့် စားကျက်မြေဟူ၍ မရှိပါ။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် လိုအပ်သောရေကို စိမ့်စမ်းရေမှ ရရှိပါသည်။

မွေးမြူရေးအတွက် လိုအပ်သောအစာများ၊ ဆေးဝါးများကို နောင်ဖော့ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ လိုအပ်သည့် အရင်းအနှီးငွေများလုံလောက်စွာ မရရှိခြင်းများ မွေးမြူရေးနည်းပညာ အသိပညာ ဗဟုသုတမရှိသောကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူမရှိပါ။ ရှေးရိုးစဉ်လာ အတိုင်းသာ မွေးမြူကြ၍ ရောဂါ ကျရောက်မှသာ ရမ်းကုများဖြင့် ဆေးကုသခြင်း၊ ဆေးထိုးနှံခြင်းများ ဆောင်ရွက်ကြပါသည်။

တိရိစ္ဆာန်ရောဂါကျရောက်သောချိန်များတွင် အချိန်မီကုသနိုင်ပါက ပျောက်ကင်းပြီး၊ များ သောအားဖြင့် ဆုံးရှုံးမှုများပါသည်။ ကျွဲ၊ နွား၊ ဝက်များကို ပွဲစားများမှ ကျေးရွာတွင် လာရောက်ဝယ်ယူ၍ ၄င်းတို့ သတ်မှတ်သောနှုန်းထားအတိုင်းသာ ရောင်းချရပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများအနေဖြင့် စိုက်ပျိုးရာသီပြီးချိန်တွင် ပန်းရံ၊ လက်သမား၊ နေ့စား၊ ကျပန်းစေ့းရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင် လျှက်ရှိပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖု ရှာဖွေခြင်း လုပ်ငန်း နှင့် ခြံထွက်သီးနှံများ စေ့းသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ စေ့းကွက်မကောင်းသောကြောင့် လုပ်သားများ ငှားရမ်းရန် မလိုအပ်ပါ။ ပန်ခန့်ကျေးရွာသည် လားရှိုးမြို့နှင့်(၁၅)မိုင်ခန့်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။ **ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်း ပညာ နှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျှက်ရှိပါသည်။**

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ ပန်ခန့်ကျေးရွာတွင် ချေးငွေများကို သမဝါယမနှင့် KAI အဖွဲ့များထံတွင် အတိုးနှုန်း ၁% မှ ၂% ချေးယူရရှိပါသည်။ ၆ လတစ်ကြိမ် ပုံမှန်အတိုးကို အချိန်နှင့် တပြေးညီ ထည့်သွင်း ပေးဆောင်ရပါသည်။ ၎င်းအဖွဲ့အစည်းများမှ ချေးငွေကို စနစ်တကျ စာရွက်စာတမ်းများနှင့် ချေးပေးပါသည်။လိုက်နာခြင်း မရှိပါက စည်းကမ်းနှင့်အညီ မိမိရှိမြေကို အစားထိုးပေးရသည်။ ချေးငွေများကို ပိုင်ဆိုင်မှုအလိုက် အသင့်အတင့် ချေးပေးပါသည်။

၆။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၅၁)စီး၊ ထော်လာကျီ(၁၇)စီးနှင့် ကား(၁၃)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုကြပါသည်။ **လယ်ယာထွက်ကုန်များကို လားရှိုးသို့ သယ်ယူပို့ဆောင်ရာတွင် ထော်လာကျီဖြင့်သော်လည်းကောင်း၊ လားရှိုးရှိမြို့လိုင်းကား များမှ လာရောက်ကြိုပို့စနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ကြပါသည်။**

ကျေးရွာ၏ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ဗွက်ထခြင်း၊ ရေတိုက်စားခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်ခြင်းကြောင့် သွားလာရခက်ခဲသဖြင့် တစ်နှစ်တစ်ကြိမ် ပြုပြင်ပြီး အသုံးပြုကြရပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မြစ်များ၊ ချောင်းများမရှိ သောကြောင့် မည်သည့် တံတား အမျိုးအစားမှ အသုံးပြုခြင်းမရှိပါ။ ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း မရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု(၄၃)စု၊ ဆိုလာစနစ် ဖြင့် အသုံးပြုသူအိမ်ထောင်စု(၁၄)စု၊ အသေးစားရေအားလျှပ်စစ်အသုံးပြုသူအိမ်ထောင်စု(၉)စုနှင့် လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စု(၈)စုရှိပါသည်။ တချို့အိမ်ထောင်စုများသည် ငွေကြေးမတတ်နိုင် သောကြောင့် မဟာဓါတ်အားလိုင်းစနစ်ကို အသုံးမပြုနိုင်ဘဲ ဆိုလာစနစ်ကိုသာ အသုံးပြုကြရပါသည်။ အဆိုပါ ဆိုလာစနစ်ဖြင့် အသုံးပြုသောအိမ်ထောင်စုများသည် ယခုတွင် **ဘက်ထရီသက်တမ်း ကုန်လွန် နေခြင်းကြောင့် ကောင်းမွန်စွာ ဆိုလာမီးကို မသုံးစွဲနိုင်ကြကြောင်း တွေ့ရပါသည်။**

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတို့ကျေးရွာတွင် ဖုန်းတစ်မျိုးတည်းကိုသာ အဓိက သုံးစွဲကြပါသည်။ အများအားဖြင့် ရေဒီယို၊ တီဗီ၊ ဂြိုလ်တုစလောင်းများမရှိကြပါ။ ဖုန်း သုံးစွဲရာတွင်လည်း အင်တာနက်လိုင်းများမရှိ၊ စကားပြောရုံသာလျှင် အသုံးပြုကြသည်က များပါသည်။

၇။ ပညာရေး

ကျွန်တော်တို့ကျေးရွာအတွင်း၌ ယခင်က အခြေခံပညာ ကျောင်းမရှိခြင်း၊ ရှိသည့်ကျောင်းနှင့် အလှမ်းဝေးခြင်းများကြောင့် စာမတတ်သူဦးရေများပါသည်။ ယခုလက်ရှိအချိန်တွင်လည်းမြို့ထဲတွင် ဆွေမျိုးအသိမရှိခြင်း၊ ဘော်ဒါဆောင်ထားရန် ငွေကြေးခက်ခဲမှုများ **ရှိခြင်း၊ အလယ်တန်းကျောင်း နှင့် အတော်အတန်ကွာဝေးခြင်းနှင့် မိဘများ စားဝတ်နေရေးခက်ခဲခြင်းတို့ကြောင့် အလယ်တန်းနှင့် အထက်တန်းကျောင်း အဆင့်တက်ရောက်နိုင်မှု အားနည်းပါသည်။**

ကျွန်တော်တို့ပန်ခန့်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ ပန်ခန့် ကျေးရွာတွင် အစိုးရစာသင်ကျောင်းဆောင်(၃)ဆောင်ရှိပါသည်။ ပထမအဆောင်ကို (၁၉၉၅)ခုနှစ် တွင် တစ်ကြိမ်၊ ဒုတိယအဆောင်ကို (၂၀၁၁-၂၀၁၂)ခုနှစ်တွင် တစ်ကြိမ်ရရှိခဲ့ပြီး တတိယကျောင်းဆောင် ကို (၂၀၁၆-၂၀၁၇)ခုနှစ်တွင် တစ်ကြိမ် ထပ်မံရရှိခဲ့သဖြင့် စုစုပေါင်း ကျောင်းဆောင်(၃) ဆောင် ရရှိခဲ့ပါသည်။ ကျောင်းဆောင်တစ်ဆောင်ချင်းစီကို (၀ေ ၆၀× ၃၀)စီ တည်ဆောက်ထားပါသည်။ပန်ခန့် ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသားဦးရေ မများပြားပဲ လက်ရှိဆရာမ(၅)ယောက်ဖြင့် လုံလောက်မှု ရှိပါသည်။ တစ်ခန်းတွင် ကျောင်းသားအယောက် (၄၀)အောက်သာရှိပါသည်။ကျောင်းထွက်နှုန်းများ ရတဲ့အကြောင်းရင်း မှာ မိဘများကပညာရေးစရိတ်ကို ပြည့်စုံလုံလောက်အောင်မထောက်ပံ့နိုင်ခြင်း ကြောင့်ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများလည်း မရရှိပါ။ အားကစားပစ္စည်း များ မလုံလောက်သဖြင့် ကျောင်းအားကစား ဆိုင်ရာ လှုပ်ရှားမှုအားနည်းသည်။ အချို့အိမ်ထောင်စု များသည် မိသားစုများပြီး ကျောင်းနေစရိတ်မတတ်နိုင်ခြင်းများ ရှိခြင်းကြောင့် ကျောင်းဆက် မတက် နိုင်၍ ကျောင်းသားဦးရေ နည်းပါးနေရပါသည်။ ကျောင်းနေအရွယ်များသော်လည်း အခက်အခဲမျိုးစုံ နှင့် ရင်ဆိုင်နေရပါသည်။ ကျေးရွာတွင်

လက်ရှိကျောင်းဆောင် အိမ်သာများလုံလောက်မှု ရှိနေပြီ ဖြစ်ပါသည်။

၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးနှင့်အာဟာရပိုင်းတွင် အာဟာရချို့တဲ့မှုမှ အခြေပြု၍ ပုံမှန်စားသောက်မှု နည်းပါးခြင်း၊ လိုအပ်သည့်အချို၊ အချဉ်၊ အစပ်၊ အခါး စသည့်အာဟာရများကို မစားသုံးနိုင်ခြင်း၊ ကျေးရွာမှထွက်ရှိသော အသီးအနှံဖြင့်သာ စားသောက်ရ၍လိုအပ်သည့် အာဟာရမရရှိမှုကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ငှက်ဖျားရောဂါဖြစ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပေါ်ခြင်းစသည့် ရောဂါ များဖြစ်ကြပါသည်။ ကျေးရွာတွင် ကြိုတင်ကာကွယ်မှုများမရှိသောကြောင့် ရာသီအလိုက် ဝမ်းပျက် ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ငှက်ဖျားရောဂါ များလည်း အနည်းငယ် ဖြစ်ပွားမှုရှိပါသည်။ အစားအသောက် ဆင်ခြင်စားသုံးမှုမရှိသောကြောင့် သွေးတိုး၊ ဆီးချိုရောဂါများလည်း ဖြစ်ပွားသူများရှိပါသည်။ နို့စို့အရွယ်ကလေးသူငယ်များကို **အီနိုင်း ကျန်းမာရေးဌာနမှ တစ်လလျှင်(၂)ကြိမ် ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးပါသည်။ ရွာနှင့် မြို့နယ်ဆေးရုံအကွာအဝေးမှာ မိုင် ၁၀ မိုင်အထက်တွင် ရှိပါသည်။ ကျေးရွာတွင် ကျွမ်းကျင် ဆေးပညာတတ်သူများမရှိသဖြင့် ဆေးဆိုင်များမရှိပါ။ လိုအပ်ပါက လားရှိုးမြို့စျေးကြီး သို့မဟုတ် လားရှိုးမြို့တွင်းရှိဆေးခန်းများသို့ အချိန်နှင့် တပြေးညီသွားရောက်ရသဖြင့် အခက်အခဲများရှိပါသည်။**

ကျွန်တော်တို့တစ်ရွာလုံးစိမ့်စမ်းရေကိုသာ အသုံးပြုကြပါသည်။ စိမ့်စမ်းရေသည် အရည်အသွေး စမ်းသပ်ထားခြင်းမရှိသော်လည်း နွေ၊ မိုး၊ ဆောင်း အသုံးပြုနိုင်ပါသည်။ စိမ့်ရေဖြစ်သည့်အတွက် မိုးကြီးလာပါက သောက်သုံးရေမှာ အချိန်ခဏလေးအတွင်းတွင် ရေနောက်သွားချိန်များလည်း ရှိပါ သည်။ လယ်ယာမြေများ စိုက်ပျိုးရာတွင် စိမ့်စမ်းရေကို အတူတကွ ဝိုင်းသုံးကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် ငွေကြေးတတ်နိုင်သော အိမ်ထောင်စုများက သန့်ရှင်းသောရေလောင်းယင်လုံအိမ်သာ ကို အသုံးပြုကြပြီး ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများက တွင်း/ဇလားအိမ်သာကိုသာ အသုံးပြုကြရပါသည်။ ငွေကြေးမတတ်နိုင်သောကြောင့် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာကို အသုံးမပြု နိုင်ကြပါ။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးမြေများမှာ ဓာတ်မြေဩဇာ အလွန်အကျွံ သုံးစွဲမှုများကြောင့် မြေဆီလွှာများ ပျက်စီး လာပါသည်။ သစ်များ၊ ဝါးများ၊ အလွန်အကျွံ ခုတ်ယူနေခြင်းကြောင့် သစ်တောပြုန်းတီးမှုများနှင့် ကြုံတွေ့နေရပါသည်။ သစ်တောပြုန်းတီးမှုများနှင့်အတူ တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ် လု နီးပါး ရှိနေပါသည်။

၁၀။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ ပန်ခန့်ကျေးရွာတွင်းရှိ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု အားနည်းပါသည်။ အကြောင်းရင်းမှာ ပညာရေးမတတ်မှုကြောင့် လူများကြားတွင် ပါဝင် လှုပ်ရှားရာတွင် အဆင်မပြေသည့် စိန်ခေါ်မှုများစွာရှိသည့်အတွက် ကျေးရွာစီမံအုပ်ချုပ်မှုတွင် ပါဝင် တက်ကြွမှု နည်းလှပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီး သည် တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိပါသည်။ အမျိုးသမီးများအား အကြမ်းမှုများ မရှိပါ။ အမျိုးသမီး ရေးရာအကြမ်းဖက်မှုများတွင် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထုအသိအမြင် မရှိသေးပါ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင် ကူညီဆောင်ရွက်ပေးခြင်းများ ရှိပါသည်။ အားကစားနှင့် ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ မရှိပါ။ ဖွံ့ဖြိုးရေးလုပ်ငန်း ရိုးရာဓလေ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ခြင်းတွင် ပါဝင်မှုအားနည်းပါသည်။ လူငယ်များသင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာ နေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက်များမရှိပါ။ **ရိုးရာပွဲလမ်းသဘင်များတွင် ကိုယ်ပိုင်ရိုးရာ ယဉ်ကျေး မှု ဝတ်စုံများကို ဝတ်ဆင်ပြီး စည်းလုံးညီညွတ်စွာ အတူတကွ ပျော်ရွှင်စွာဆင်နွှဲကြပါသည်။**

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များရှိသော်လည်း အင်တာနက်လိုင်းများ သိပ်မကောင်းပါ။ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများရှိသော်လည်း ဆက်သွယ်ရေး နှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အဆောက်အဦများမရှိပါ။ မူခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း မရှိရခြင်းမှာ ရဲစခန်းနှင့်(၁၅)မိုင်ခန့် ဝေးသော ကြောင့်ဖြစ်သည်။ လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ချရေးတွင် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားပါက ဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ခိုးမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှု များ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် လွန်ခဲ့သော (၅)နှစ်ခန့်က မူးယစ်ဆေးသုံးစွဲသူ အနည်းငယ်ရှိပါသည်။ ယခုတွင် မူးယစ်ဆေးသုံးစွဲသူ တစ်ဦး/နှစ်ဦးခန့်သာရှိတော့သည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	Box Culvert တံတား(၂)စင်းတည်ဆောက်ခြင်း	၁	✔				
၂	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၂		✔			
၃	ကွန်ကရစ်လမ်းခင်းခြင်း	၃			✔		
၄	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၃			✔		
၅	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဆောင်ရွက်ပေးခြင်း	၄	✔	✔	✔	✔	✔
၆	မွေးမြူရေးပညာပေးသင်တန်းဆောင်ရွက်ပေးခြင်း	၄	✔	✔	✔	✔	✔
၇	ချေးငွေရရှိရန် ဆောင်ရွက်ပေးခြင်း	၅				✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– ပန်ခန့်ကျေးရွာ
ကျေးရွာအုပ်စု	– နောင်ဖော့ကျေးရွာအုပ်စု
မြို့နယ်	– လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	– ရှမ်း(မြောက်)
စီမံချက်အမည် –	**Box Culvert တံတား တည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • လက်ရှိအခြေအနေ၌ မြောင်းမှာ အလွန်ကျယ်သောကြောင့် ရေကြီးချိန်၊ မိုးတွင်းချိန်တိုင်း ရွာသူရွာသားများနှင့်ကျောင်းသားကျောင်းသူများသွားလာရန် အလွန်ခက်ခဲလှပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • လက်ရှိမှာ တံတားမရှိသောကြောင့် ကျောင်းဖွင့်ချိန်တွင် ကလေးများ ကျောင်းသွားလို စိတ် မရှိခြင်း။ ရွာ၏ သာရေး/နာရေးကိစ္စများ သွားလာရာတွင် ခက်ခဲခြင်း၊ ကျောင်းဖွင့်ချိန်တွင် ပိုမို ဒုက္ခရောက်ခြင်း	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • တံတားတည်ဆောက်ပေးခြင်းအားဖြင့် ကျောင်းဖွင့်ချိန်တွင် ကလေးငယ်များ ပျော်ရွှင်လွယ်ကူစွာ သွားလာနိုင်ပြီး ရွာသူရွာသားများ အတွက်လည်း အခက်အခဲ မရှိ သွားလာရ အဆင်ပြေပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) Box Culvert တံတား တည်ဆောက်ခြင်းလုပ်ငန်း (၂၄'×၄'-၉" ×၄'-၉")	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • ၂၄၄၀၀၀၀ (ငွေသား) • ×××××××× (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၇၂	၁၇၆	၃၄၈	၁၇	၁၅	၂၀	၂၂	၇၄
အကျိုးခံစားမည့် ဦးရေ	၁၇၂	၁၇၆	၃၄၈	၁၇	၁၅	၂၀	၂၂	၇၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂။ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ပန်ခန့်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) ၂၁.၄.၂၀၂၀
(၃) စီမံချက် ပြီးစီးမည့်အချိန် ၈.၆.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ **အစီအစဉ်များ** ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည် တည်တံ့ ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

ပန်ခန့်ကျေးရွာ၊ နောင်ဖော့ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဆန်ခမ်း	ဦးအိုက်ပန်း	၁၃/လရန(နိုင်)၁၂၈၉၈၁	၃၆	ဥက္ကဋ္ဌ	၀၉-၄၅၄၃၀၄၅၄၉
၂	ဦးမိုင်းထွန်းနိုင်	ဦးအိုက်ရီ	၁၃/ဘပန(နိုင်)၁၃၅၅၂၅	၄၀	အတွင်းရေးမှူး	၀၉-၄၂၇၇၁၁၀၄
၃	ဦးဆန်ဖြစ်	ဦးဆန်ရီ	လျှောက်ထားဆဲ	၂၃	အဖွဲ့ဝင်	၀၉-၈၉၀၈၇၅၅၅၉
၄	ဦးကြာချန်	ဦးရမ်ဆမ်	၁၃/လရန(နိုင်)၂၀၉၅၈၃	၃၄	ဘဏ္ဍာရေးမှူး	၀၉-၄၄၂၄၆၂၆၀၅
၅	ဦးကြာအေး	ဦးအိုက်ပု	လျှောက်ထားဆဲ	၂၂	အဖွဲ့ဝင်	၀၉-၈၉၄၈၃၀၇၃၅
၆	ဦးအိုက်မန်	ဦးအိုက်ပု	လျှောက်ထားဆဲ	၂၁	စာရင်းကိုင်	၀၉-၄၂၇၂၁၃၈၃
၇	ဒေါ်လွေးအေးမန်	ဦးအိုက်ပု	၁၃/လရန(နိုင်)၁၉၇၈၂၃	၃၆	အဖွဲ့ဝင်	၀၉-၈၉၄၈၃၀၇၉၆
၈	ဒေါ်အေးအမ်	ဦးအိုက်ရီ	၁၃/လရန(နိုင်)၁၇၈၀၅၁	၃၉	အဖွဲ့ဝင်	
၉	ဒေါ်လွေခေး	ဦးအိုက်ခမ်း	၁၃/လရန(နိုင်)၁၂၁၇၅၄	၄၀	အဖွဲ့ဝင်	၀၉-၄၀၃၅၈၈၃၈၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၈	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၀	၃၁	၅၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၃	၁၂	၂၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂	၁၄	၂၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၀	၁၀၇	၂၂၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁	၄	၅
စုစုပေါင်း		**၁၇၂**	**၁၇၆**	**၃၄၈**
စုစုပေါင်း အိမ်ထောင်စု				**၇၄**

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ပန်ခန့်ကျေးရွာတွင် အိမ်ထောင်စု(၇၄)အိမ်ရှိပြီး၊ ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း (၃၄၈)ဦးဖြစ်ပြီး ယျမ်းမျှ တစ်အိမ် ထောင်လျှင် (၅-၆)ဦး ရှိပါသည်။ ကျွန်တော်တို့ပန်ခန့်ကျေးရွာတွင် နို့စို့အရွယ် ကျား (၆)ဦး၊ မ(၈)ဦး၊ ၅နှစ် အောက်ကလေးငယ်မှာ ကျား(၂၀)၊ မ(၃၁)ဦး၊ မူလတန်းကျောင်းသား အရွယ် (၁၀)နှစ်အောက် ကျား(၁၃)ဦး၊ မ(၁၂)ဦး၊ အလယ်တန်း ကျောင်းသားအရွယ်(၁၀နှစ်မှ ၁၄နှစ်)အထိ ကျား(၁၂)ဦး၊ မ(၁၄) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၁၂၀)ဦး၊ မ(၁၀၇)ဦး၊ (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီး ကျား(၁)ဦး၊ မ(၄)ဦးတို့ဖြစ်သည်။ နို့စို့အရွယ်ကလေးများအား ကာကွယ် ဆေးများ ပုံမှန်ထိုးနှံပေးလျှက်ရှိပါသည်။ ကာကွယ်ဆေးများ မထိုးနှံ ကြသော အိမ်ထောင်စုများ လည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ၆-၇နှစ်မှ စတင် တက်ရောက်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၄	၁၈၁		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**

တွင်ရပ်တည်နိုင်မှု“ မြင့် ” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ ဦးစားပေး လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းကြသည်။ အဓိကစိုက်ပျိုးရေးမှာ ပြောင်းနှင့်စပါး ဖြစ်ပါသည်။ ဝင်ငွေရရှိမှု မလုံလောက်ပါ။ အဘယ်ကြောင့်ဆိုသော် တရုတ်ပြည်မှ ကျွန်တော်တို့စိုက်ပျိုးထားသော ပြောင်းကို မဝယ်ယူပါက ဝင်ငွေကို ကောင်းစွာမရရှိပါ။ ဝင်ငွေလုံလောက်မှုမရရှိသည့်အတွက်ကြောင့် ပြောင်းပွဲရုံဆီက ကြိုတင်အကြွေးယူပြီး စိုက်ပျိုးကြပါသည်။ ပြောင်းဈေးကောင်း ပြန်မရပါက ပွဲရုံထံတွင် အကြွေးများ ဆက်တင်ကြရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်ယာနေ့စား လုပ်အားခကို အနည်းဆုံး(၄၀၀၀)ကျပ်မှ အများဆုံး(၈၀၀၀)ကျပ် ထိရရှိပါသည်။ **ကျေးရွာမှ သတ်မှတ်ထားသော အလုပ်လုပ်ချိန်မှာ နံနက် (၈:၀၀)နာရီမှ နေ့လည် (၁၂:၀၀)ထိ နေ့လည် (၁:၀၀)မှ ညနေ (၅:၀၀)ထိကို တစ်ရက်တာ သတ်မှတ်ပါသည်။**

(ဂ) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၈၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၀၂	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေလွတ်မြေလပ်များ မရှိပါ။ အဘယ်ကြောင့်ဆိုသော် ရွာတွင် ကိုယ်ပိုင်မြေများ သတ်မှတ်ထားရှိကြပြီး ဘိုးဘွားများ အမွေပေးခဲ့သော မြေအနည်း/ အများ ပိုင်ဆိုင်ကြပါသည်။ ရှိသလောက်ကိုသာ တန်ဖိုးထားပြီး မြေဩဇာနဲ့သာ ဝယ်သုံးပြီး ပြုစုကာ စိုက်ပျိုး လုပ်ကိုင် နေကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်တို့မရှိပါ။ ကျောက်၊ သဲ အသင့်အတင့်ရှိပါသည်။ ထုတ်ယူ သုံးစွဲရန် ခက်ခဲပါသည်။

သဘာဝအပင် မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အများအပြား လွယ်ကူစွာရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များဖြစ်သည့် ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါငယ်၊ မြေအောင်း သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၇	၁၅	၂၀	၂၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလုံးကျွတ်အစည်းအဝေး များ ပုံမှန်ပြုလုပ်လျက်ရှိပါသည်။ အစည်းအဝေး ကျင်းပရခြင်းအကြောင်းမှာ စိုက်ပျိုးမည့် ပြောင်း၊ စပါးများနည်းလမ်းမှန်ကန်စွာစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းရန်အတွက် တစ်ဦးနှင့်တစ်ဦး ကြုံတွင်ညှိနှိုင်းကြပါသည်။ လုပ်ငန်းများပိုမိုပြီး အဆင်ပြေ လာနိုင်အောင် နည်းလမ်းများ ဝိုင်းဝန်းရွာဖွေကြပြီး တစ်လတစ်ကြိမ် ကျေးရွာလုံးကျွတ် အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအ ရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ= _____
ဖေလ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် (၂)စုရှိပြီး ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၁)စုရှိ ပါသည်။ ကြုံရာကျပန်း အလုပ် လုပ်ကိုင်၍ စားဝတ်နေရေးကို ဖြေရှင်းကြရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် □နိမ့်☑မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် □နိမ့်☑မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မုန်တိုင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ငလျင်	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာနှင့် တောင်ယာသွားရာလမ်း အလှမ်းဝေးသောကြောင့် အချို့တောင်ယာ များတွင် သီးနှံ မစိုက်ပျိုးနိုင်သဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ ရှိလာနိုင်ပါသည်။ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးလာပါသည်။ ကျန်းမာရေး အသိမရှိခြင်းကြောင့် ၄က်ဖျားရောဂါများဖြစ်ပွားမှုရှိပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ပန်ခန့်ကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ၍ သုံးစွဲနိုင်ခြင်း၊ ဆိုင်ကယ်များစည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်လာနိုင်၍ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန် ရှာဖွေ စားသောက် ရသောကြောင့် ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ တစ်နေ့လုပ်တစ်နေ့စား အိမ်ထောင်စုများသည် ကျေးရွာ တွင်းကြုံရာကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ နေပူမိုးရွာမရွောင်လုပ်ကိုင်ရခြင်းကြောင့် ကျန်းမာရေး ထိခိုက် နိုင်ခြင်း၊ လုပ်အားခနည်းပါးခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ဆေးစွဲသူများသည် မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် အလုပ်မလုပ် နိုင်ရုံသာမက လူမှုရေး၊ စီးပွားရေးကိစ္စများ၌ လှစ်ဟာမှုများ၍ ထိခိုက်လွယ်မှုမြင့်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁□ ၂□ ၃□	၁၀		၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □
၂	ရပ်မိရပ်ဖ အဖွဲ့	၁□ ၂□ ၃□	၁၅	၁၀	၂၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	အမျိုးသား/သမီး လူပျို/အပျို ခေါင်းဆောင် အဖွဲ့	၁☐ ၂☐ ၃☐	၁၀	၁၀	၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☐	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသား/သမီး လူပျို/အပျိုခေါင်းဆောင်အဖွဲ့၊ ဂေါပက အဖွဲ့တို့ဖြစ်ပါသည်။ **အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများ လိုအပ်သော အကူအညီများကို အားတက်သရော ကူညီ ဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။**

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	KAI	၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော KAI အဖွဲ့သည် ချေးငွေများ ကို ၆ လအတွင်း အတိုးနှုန်း ၁% မှ ၂% အထိ ချေးပေးပါသည်။ အတိုးကို ၆လတစ်ကြိမ် အချိန်နှင့် တပြေးညီ ထည့်သွင်းပေးဆောင်ရပါသည်။ ချေးငွေများကို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း များနှင့်စည်းကမ်းတကျ ချေးပေးပါသည်။ အရင်း/အတိုးကို ပုံမှန်ပေးဆောင်နိုင်ခြင်းမရှိပါက စည်းကမ်းနှင့် အညီ မိမိပိုင်ဆိုင်သော ပစ္စည်းများကို အစားထိုးပေးရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၄	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ပန်ခန့်ကျေးရွာတွင် ဆင်းရဲသားတောင်သူများမှာ မြေပိုင်ဆိုင်မှု(၁)ဧကသာရှိကြပြီး တောင်သူငယ်များမှာ (၂)ဧကရှိကြသည်။ တောင်သူလတ်များမှာ မြေပိုင်ဆိုင်မှု (၃.၅)ဧကခန့်ရှိကြသည်။ တောင်သူကြီးများမှာ (၅ဧကမှ ၆ဧကအထိ) မြေယာပိုင်ဆိုင်မှု များရှိကြသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင်စိမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် စိမ့်စမ်းရေကိုအားထားကာ စိုက်ပျိုးကြပြီး မိုးရာသီတွင် ရေပေါများပါသည်။ ပန်ခန့်ကျေးရွာတွင် ရေကိုလွယ်ကူစွာ ခတ်ယူနိုင်ပါသည်။ တစ်ချို့အိမ်များတွင် အဝီစိတွင်း ထပ်မံတူးဖော်ရန်လည်း အစီအစဉ် ရှိကြပါ သည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၁၅၇	ပိဿာ	၃၆၀	၃၉၀	၃၇၅	ဇွန်	စက်တင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
စပါး	၄၅	အိတ်	၃၀	၄၀	၃၅	ဇွန်	စက်တင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

